# ရှင်ယာကုပ်ဩဝါဒစာ
## နိဒါန်း

*ရှင်ယာကုပ်ဩဝါဒစာသည် လက်တွေ့လိုက်ကျင့်ရန် သတိပေး ညွှန်ကြားချက်များကိုစုစည်းထားခြင်းဖြစ်၍ ကမ္ဘာအနှံ့ပျံ့နေသော ဘုရားသခင်၏လူမျိုးတော်အပေါင်းတို့ထံသို့ ရေးသားခြင်းဖြစ်သည်။ ကျမ်းရေးပုဂ္ဂိုလ်သည် ဥပမာများစွာကို အသက်ဝင်အောင် အသုံးပြုထားခြင်းဖြင့် ခရစ်ယာန်စိတ်ဓာတ်နှင့် ကျင့်စဉ်ကို လက်တွေ့အသက်ရှင်ရာ၌ လိုအပ်သော အသိဉာဏ်ရရှိစေရန်လမ်းညွှန်ထား၏။ ချမ်းသာကြွယ်ဝခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ နှောင့်ယှက်ခြင်း ကုသိုလ်ကောင်းမှုအာဃာသထားခြင်း၊ ယုံကြည်ခြင်း၊ လက်တွေ့ကျင့်စဉ်၊ နှုတ်ကိုစောင့်ထိန်းခြင်း၊ ဉာဏ်ပညာ၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မာနထောင်လွှားခြင်း၊ နှိမ့်ချခြင်း၊ သူတစ်ပါးကို စီရင်ခြင်း၊ ကြွားဝါခြင်း၊ သီးခံခြင်းနှင့်ဆုတောင်းမေတ္တာတို့ကို ဆွေးနွေးတင်ပြထား၏။*

အကျဉ်းချုပ်

| | |
|---|---|
| *နိဒါန်း* | *၁–၁* |
| *ယုံကြည်ခြင်းနှင့်ဉာဏ်ပညာ* | *၁း၂–၈* |
| *ဆင်းရဲခြင်းနှင့်ဥစ္စာချမ်းသာ* | *၁း၉–၁၁* |
| *စုံစမ်းခြင်းနှင့်နှောက်ယှက်သွေးဆောင်ခြင်း* | *၁း၁၂–၁၈* |
| *ကြားနာခြင်းနှင့်လိုက်ကျင့်ခြင်း* | *၁း၁၉–၂၇* |
| *အဆင့်အတန်းမခွဲခြားရန် သတိပေးခြင်း* | *၂း၁–၁၃* |
| *ယုံကြည်ခြင်းနှင့်ကျင့်စဉ်* | *၂း၁၄–၂၆* |
| *ခရစ်ယာန်နှင့်သူ၏နှုတ်၊ လျှာ* | *၃း၁–၁၈* |
| *ခရစ်ယာန်နှင့်ကမ္ဘာလောက* | *၄း၁–၅း၆* |
| *ဆုံးမသွန်သင်ခြင်း* | *၅း၇–၂၀* |

## အခန်းကြီး (၁)

၁။ ဘုရားသခင်နှင့် သခင်**ယေရှု**ခရစ်တော်၏ အစေခံဖြစ်သူ **ယာကုပ်**သည် အရပ်ရပ်တွင် နေထိုင်ကြသော တစ်ဆယ့်နှစ်မျိုးသော မျိုးနွယ်တို့ထံသို့ နှုတ်ခွန်းဆက်သလိုက်ပါသည်။

## ယုံကြည်ခြင်းနှင့်ဉာဏ်ပညာ

၂။ ငါ၏ညီအစ်ကိုတို့ သင်တို့သည် စုံစမ်းနှောက်ယှက်ခြင်းအမျိုးမျိုးတို့နှင့်တွေ့ကြုံရသောအခါ ဝမ်းမြောက်ဝမ်းသာ ခံယူကြလော။
၃။ အကြောင်းမူကား၊ သင်တို့၏ ယုံကြည်ခြင်းကို စမ်း
သပ်ခံရသောအခါ သင်တို့၌ သည်းခံခြင်းတို့ ပွား
စေကြောင်း သင်တို့သိကြရသောကြောင့်တည်း။
၄။ သည်းခံခြင်းစိတ်သည် အကျိုးကျေးဇူး အပြည့်အဝ
သက်ရောက်လျှင် သင်တို့၌ မည်သည့်အရာမျှ လို
အပ်ချို့တဲ့မည်မဟုတ်ပဲ သင်တို့သည် စုံလင်ပြည့်စုံ
၁။ ကြလိမ့်မည်ဖြစ်၏။ သင်တို့တွင် တစ်စုံတစ်ယောက်
သည် ဉာဏ်ပညာ ချို့တဲ့ပါလျှင် လူခပ်သိမ်းတို့ကို
အပြစ်မတင်ဘဲ ရက်ရောစွာ ပေးသနားတော်မူသော
ဘုရားသခင်ထံ တောင်းလျှောက်ပါစေ။ ဘုရားသခင်
သည် သူ့အား ဉာဏ်ပညာကို ပေးသနားတော်မူလိမ့်
၂။ မည်။ သို့သော် သူသည် ယုံမှားသံသယမရှိဘဲ
ယုံကြည်ခြင်း၌ တောင်းလျှောက်ပါစေ။ အကြောင်း
မူကား၊ ယုံမှားသံသယရှိသောသူသည် လေတိုက်၍
၃။ လှုပ်ရှားသော လှိုင်းတံပိုးနှင့်တူ၏။ အကြောင်းမူကား
၄။ ထိုကဲ့သို့သောသူသည် စိတ်နှစ်ခွရှိ၍မိမိပြုလေသမျှ၌
တည်ငြိမ်မှုမရှိသော သူဖြစ်သောကြောင့် ထာဝရ
ဘုရားထံမှ တစ်စုံတစ်ခုကိုရရှိလိမ့်မည်ဟု မထင်
မှတ်သင့်ပေ။

## ဆင်းရဲခြင်းနှင့် ချမ်းသာခြင်း

၅။ နှိမ့်ချသော ညီအစ်ကိုသည် မိမိချီးမြှောက်ခံရခြင်း
၆။ အတွက် ဝါကြွား ဝမ်းမြောက်ပါစေ။ ချမ်းသာကြွယ်
ဝသောညီအစ်ကိုသည် မိမိနှိမ့်ချခံရခြင်းအတွက် ဝမ်း
မြောက်ပါစေ။ အကြောင်းမူကား သူသည် မြက်ပင်
မှာပွင့်သော ပန်းကဲ့သို့ ပျောက်ကွယ်လိမ့်မည်။
၇။ အကြောင်းမူကား၊ နေသည် တောက်လောင်သော
အပူရှိန်နှင့်ထွက်လာသောအခါ၊ မြက်ပင်ကို ခြောက်
သွေ့စေ၍ ယင်း၏ အပွင့်သည်လည်းကြွေကျသဖြင့်
ယင်း၏ လှပမှုသည်လည်း ပျောက်ကွယ်လေ၏။
ထိုနည်းတူပင် ချမ်းသာကြွယ်ဝသော သူသည်မိမိ၏
ကြိုးစားရှာဖွေခြင်းအကြားတွင် မေးမှိန်သွားလိမ့်မည်

## စုံစမ်းခြင်းနှင့် နှောက်ယှက်သွေးဆောင်ခြင်း

၈။ စုံစမ်းနှောက်ယှက်ခြင်းကို ခံထမ်းနိုင်သော သူသည်
မင်္ဂလာရှိ၏။ အကြောင်းမူကား၊ သူသည် နှောက်
ယှက်ခြင်းကို ကြံ့ကြံ့ခံနိုင်သောအခါ ဘုရားသခင်
ကိုချစ်တော်မူသော သူတို့အား ကိုယ်တော်ကတိထား

၁

တော်မူသည့် အသက်တည်းဟူသော သရဖူကို ခံယူ
၉။ ရရှိလိမ့်မည်။ မည်သူမဆို နှောက်ယှက်ခြင်းခံရသော
အခါ ဘုရားသခင်သည် ငါ့ကို စုံစမ်းနှောက်ယှက်
တော်မူ၏ဟု မပြောဆိုစေနှင့်၊ အကြောင်းမူကား
မကောင်းမှုသည် ဘုရားသခင်ကို သွေးဆောင်နှောက်
ယှက်ခြင်းမပြုနိုင်။ ဘုရားသခင်သည်လည်း မည်သူ့
၁၀။ ကိုမျှ သွေးဆောင်နှောင့်ယှက်ခြင်း ပြုတော်မမူ။ သို့
သော် လူတစ်ဦးစီသည် မိမိ၏အလိုဆန္ဒအားဖြင့်
ဆွဲဆောင် ဖျားယောင်းခြင်းခံရသဖြင့် စုံစမ်းနှောင့်
၁၁။ ယှက်ခံရခြင်းဖြစ်၏။ ထို့နောက် အလိုဆန္ဒသည်
အမြစ်တွယ် သွားသောအခါ အပြစ်မကောင်းမှုကိုမွေး
ထုတ်ပေးလေ၏။ အပြစ်မကောင်းမှုသည်လည်း ကြီး
ထွားလာသောအခါ သေခြင်းကို ဖြစ်ပေါ်လာစေ၏။
၁၂။ ငါချစ်သော ညီအစ်ကိုတို့ လှည့်ဖျားခြင်း မခံကြရစေ
၁၃။ နှင့်။ ကောင်းမြတ်သော လက်ဆောင်နှင့် စုံလင်သော
ဆုကျေးဇူး မှန်သမျှသည် အထက်ကောင်းကင်မှလာ
၍ ပြောင်းလဲ ယိမ်းယိုင်ခြင်းနှင့် မှောင်မိုက်ခြင်းမရှိ
သောကောင်းကင်အလင်းတို့၏အဖထံတော်မှလာ၏။
၁၄။ ကိုယ်တော်ဖန်ဆင်းသမျှတို့တွင် ငါတို့သည် ပထမ
ဆုံးသော အသီးဦးများဖြစ်ထိုက်ရန် ကိုယ်တော်သည်
သမ္မာတရားစကားဖြင့် မိမိအလိုတော်အတိုင်း ငါတို့
ကိုဖြစ်ပေါ်လာစေတော်မူ၏။

## ကြားနာခြင်းနှင့် လိုက်ကျင့်ခြင်း

၁၉။ ငါချစ်သောညီအစ်ကိုတို့ ဤအချက်ကိုသိမှတ်ကြ
လော့။ လူတိုင်းသည် ကြားနာခြင်း၌လျှင်မြန်ကြစေ၊
ပြောဆိုခြင်းနှင့် အမျက်ထွက်ခြင်းတွင်ကားနှေးကွေး
၂၀။ ကြစေ။ အကြောင်းမူကား လူ၏ဒေါသအမျက်သည်
ဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်းကို အကောင်
၂၁။ အထည်မဖော်နိုင်ချေ။ ထို့ကြောင့် သင်တို့သည်ညစ်
ညမ်းခြင်းနှင့် မကောင်းမှုရှိသမျှကိုဖယ်ရှားကြလော့။
သင်တို့ဝိညာဉ်ကို ကယ်တင်နိုင်၍၊ သင်တို့တွင်စိုက်
ပျိုးထားသော နှုတ်ကပတ်တော်ကိုသိမ့်မွေ့စွာခံယူကြ
၂၂။ လော့။ သို့သော် နှုတ်ကပတ်တော်ကို ကျင့်သော သူ
များ ဖြစ်စေကြလော၊ မိမိကိုယ်ကို လှည့်ဖြားလျက်
၂၃။ ကြားနာသူသက်သက် မဖြစ်စေကြနှင့်။ အကြောင်းမူ
ကား တစ်စုံတစ်ယောက်သည် နှုတ်ကပတ်တော်ကို
ကြားနာသောသူဖြစ်သော်လည်း မကျင့်သုံးလျှင်ထိုသူ
သည် မိမိပကတိ မျက်နှာကို မှန်တွင်ကြည့်သော သူ

၂

၂၄။ နှင့် တူ၏။ အကြောင်းမူကား သူသည် မိမိကိုယ်ကို
ကြည့်ပြီးထွက်ခွါသွားသည်နှင့် တစ်ပြိုင်နက် မိမိ၏
၂၅။ ပုံရိပ်ကိုမေ့လျော့သွားလေ၏။ သို့သော် လူကိုလွတ်
လပ်စေသော တရားတော်ကို သေချာစွာ ကြည့်ရှု၍
တည်ကြည်စွာ ထိန်းသိမ်းသောသူသည် တရားတော်
ကိုကြားနာပြီး မေ့လျော့သွားသူ မဟုတ်ဘဲ ကျင့်ကြံ
သောသူဖြစ်၏။ သူသည် မိမိပြုသမျှအတွက်
၂၆။ ကောင်းချီးမင်္ဂလာခံစားရလိမ့်မည်။ မည်သူမဆို မိမိ
သည် ဘုရားတရားရှိသူဟုယူဆ၍ မိမိနှုတ်လျှာကို မ
ထိန်းသိမ်းနိုင်လျှင် သူသည် မိမိစိတ်နှလုံးကိုလှည့်
စားသောသူဖြစ်၏။ ဤသူ၏ ဘုရားတရား ကြည်ညို
၂၇။ ခြင်းသည် အဓိပ္ပာယ်မရှိချေ။ ဘုရားသခင်ရှေ့တော်၌
စစ်မှန်သန့်ရှင်းသော ဘုရားတရား ကြည်ညိုမှုသည်
ကား ဤသို့ဖြစ်၏။ ဒုက္ခရောက်နေသော မိဘမဲ့တို့
နှင့် မုဆိုးမများကိုကြည့်ရှုစောင့်ရှောက်ခြင်းနှင့် မိမိ
ကိုယ်ကို လောကအနှောက်အယှက်များမှ ကင်းစင်
အောင် စောင့်ထိန်းခြင်းတို့ဖြစ်ကြ၏။

## အခန်းကြီး (၂)

## အဆင့်အတန်းမခွဲခြားရန်သတိပေးခြင်း

၁။ ငါ၏ညီအစ်ကိုတို့ သင်တို့သည် ငါတို့၏ဘုန်းဂုဏ်
တော်ရှင် သခင်ယေရှုခရစ်တော်၌ ယုံကြည်သူများ
အဖြစ်ကြသောကြောင့် အဆင့်အတန်းခွဲခြားခြင်း မရှိ
၂။ ကြစေနှင့်။ အကယ်၍ သင်တို့စည်းဝေးနေရာသို့လူ
နှစ်ယောက်ဝင်လာ၍၊ တစ်ယောက်သည် ရွှေလက်
စွပ်နှင့်တောက်ပြောင်သောအဝတ်အစားများဝတ်ဆင်
ထားပြီး၊ အခြားတစ်ယောက်မှာ ဆင်းရဲနွမ်းပါးသူဖြစ်
သောကြောင့် ဟောင်းနွမ်း စုတ်ပြတ်နေသော အဝတ်
၃။ များကိုဝတ်ဆင်ထား၏။ သင်တို့သည်တောက်ပြောင်
သောအဝတ်များ ဝတ်ဆင်ထားသူကို ကြည့်လျက်
ကျေးဇူးပြု၍ ဤနေရာမှာထိုင်ပါဟုဆိုပြီးမှ ဆင်းရဲ
သောသူအား ဤနေရာမှာ ရပ်နေပါသို့မဟုတ် ကြမ်း
၄။ ပေါ်မှာထိုင်ပါ ပြောဆိုသည်ဆိုပါစို့။ ထိုသို့ပြုလျှင်
သင်တို့သည် အချင်းချင်း အဆင့်အတန်း ခွဲခြား၍၊
မကောင်းသောအတွေးအခေါ်များနှင့် စီရင်ဆုံး ဖြတ်
၅။ သောသူများဖြစ်ကြသည် မဟုတ်လော။ ငါချစ်သော
ညီအစ်ကိုတို့ နားထောင်ကြလော့။ ဘုရားသခင်သည်
ဆင်းရဲသားတို့ကို ယုံကြည်ခြင်း၌ ကြွယ်ဝချမ်းသာ

စေရန် ရွေးချယ်တော်မူ၍ မိမိကိုချစ်သော သူများ
အပေါ် ကတိထားတော်မူသော နိုင်ငံတော်၏ အမွေ
၆။ တော်ကို ခံစားတော်မူသည် မဟုတ်လော။ သို့သော်
သင်တို့သည် ဆင်းရဲသားကိုမထီမဲ့မြင်ပြုကြ၏။ ချမ်း
သာသောသူသည် သင်တို့ကို ဖိနှိပ်အနိုင်ကျင့်သည်
မဟုတ်လော။ ချမ်းသာသူတို့သည် သင်တို့ကို တရား
၇။ ရုံးသို့ဆွဲခေါ်သွားကြသည် မဟုတ်လော။ ချမ်းသာ
သောသူတို့သည် သင်တို့အားခေါ်တော်မူသော နာမ
တော်ကို ထိခိုက်စော်ကားကြသည် မဟုတ်လော။
၈။ သင်နှင့်နီးစပ်သောသူကို သင့်ကိုယ်ကို ချစ်သကဲ့သို့
ချစ်လော့ဟု၍ ကျမ်းစာတွင် ရေးသားထားသည့်
အတိုင်း၊ သင်သည် အမှန်စင်စစ် ပညတ်တော်ကို
လိုက်နာစောင့်ထိန်းပါလျှင် သင်သည်ေ ကာင်းသော
၉။ အကျင့်ကိုကျင့်၏။ သို့သော် သင်သည် အဆင့်
အတန်းခွဲခြား၍ မျက်နှာလိုက်လျှင် အပြစ်ကျူးလွန်
ရာရောက်သဖြင့် ပညတ်ကိုချိုးဖောက်သူအဖြစ် ပြစ်
၁၀။ ဒဏ်စီရင်ခြင်းခံရ၏။ အကြောင်းမူကား၊ မည်သူမဆို
ပညတ်တရား အလုံးစုံကို လိုက်နာစောင့်ထိန်းသော်
လည်း ပညတ်ချက်တစ်ခုကိုမျှ ချိုးဖောက်မိလျှင်
ပညတ်တရားအလုံးစုံကို ချိုးဖောက်သောအပြစ်ကျူး
၁၁။ လွန်ရာရောက်၏။ အကြောင်းမူကား၊ သူ့မယားကို
မပြစ်မှားနှင့်ဟု ပညတ်တော်မူသောသူသည် လူ့
အသက်ကို မသတ်နှင့်ဟူ၍လည်း ပညတ်တော်မူ
သောသင်သည် သူ့မယားကို မပြစ်မှားသော်လည်း
လူ့အသက်ကိုသတ်လျှင် ပညတ်တော်ကို ချိုးဖောက်
၁၂။ ရာရောက်၏။ သို့ဖြစ်၍ သင်တို့သည်လွတ်လပ်ခြင်း
နှင့်ဆိုင်သော တရားတော်အတိုင်း စီရင်ခြင်းခံရမည့်
၁၃။ သူတို့ကဲ့သို့ ပြောဆိုကျင့်ကြံကြလော။ သနားကြင်နာ
ခြင်းမရှိသူအပေါ်၌ သနားကြင်နာခြင်း ကင်းမဲ့စွာ
တရားစီရင်လိမ့်မည်။ သို့သော် သနားကြင်နာခြင်း
သည် တရားစီရင်ချက်အပေါ်တွင် အနိုင်ယူတတ်၏။
၁၄။ ငါ၏ ညီအစ်ကိုတို့လူတစ်ယောက်က သူ၌ယုံကြည်
ခြင်းရှိသည်ဟု ဆိုသော်လည်း သူသည်အကျင့်ကို
မကျင့်လျှင်အဘယ်အကျိုးရှိမည်နည်း။သူ၏ယုံကြည်
ခြင်းသည် သူ့ကိုကယ်တင်နိုင်သလော။
၁၅။ ညီအစ်ကို သို့မဟုတ် နှမသည် ဝတ်စရာမရှိ၊ အစား
၁၆။ အစာလည်းချို့တဲ့နေကြလျှင်၊သင်တို့တွင်တစ်ယောက်
က ငြိမ်သက်စွာသွားကြလော့၊ နွေးထွေး အောင်နေ၍
ဝအောင်စားကြလောဟု ပြောလျှက်သူတို့ ခန္ဓာကိုယ်
အတွက် လိုအပ်သောအရာများကို မပေးပါကအဘယ်
၁၇။ အကျိုးရှိမည်နည်း။ ထို့ကြောင့် အကျင့်မပါသော
ယုံကြည်ခြင်းသည် အသေဖြစ်၏။
၁၈။ သို့သော် အချို့က သင်၌ယုံကြည်ခြင်းရှိ၍ ငါ၌
အကျင့်များရှိ၏ဟု ဆိုကြလိမ့်မည်။ သင်သည်
အကျင့်မပါသော သင်၏ယုံကြည်ခြင်းကို ငါ့အားပြ
ပါလော။ ငါသည်လည်း ငါ၏ အကျင့်များအားဖြင့်
ငါ၏ယုံကြည်ခြင်းကိုသင့်အားပြပါမည်ဟု ပြောစရာ
၁၉။ ရှိ၏။ ဘုရားတစ်ဆူတည်းရှိသည်ကို သင်ယုံကြည်
၏။ ကောင်းသောအရာဖြစ်၏။ နတ်ဆိုးများသည်
၂၀။ လည်း ယုံကြည်ကြ၍ ကြောက်ရွံ့တုန်လှုပ်ကြ၏။
အသင်လူမိုက် အကျင့်နှင့်ကင်းသော ယုံကြည်ခြင်း
အချည်းနှီးသက်သက်ဖြစ်ကြောင်း သင့်အားပြစေလို
၂၁။ သလော။ ငါတို့အဘ **အာဗြဟံ**သည်မိမိ၏သား
**အီဇက်**ကို ယဇ်ပလ္လင်ပေါ်မှာဆက်ကပ်ပူဇော်သောအခါ
အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည်မဟုတ်
၂၂။ လော။ ယုံကြည်ခြင်းသည် အကျင့်များနှင့်အတူ
အသက်ဝင်လျက် အကျင့်အားဖြင့် စုံလင်သည်ကိုမြင်
၂၃။ ရ၏။ **အာဗြဟံ**သည် ဘုရားသခင်၌ ယုံကြည်
သဖြင့် သူ၏ယုံကြည်ခြင်းသည် ဖြောင့်မတ်ခြင်းသို့
သတ်မှတ်ခြင်းခံရ၏ဟူသောစကားသည် ပြည့်စုံလေ
၏။ သူသည်လည်း ဘုရားသခင်၏မိတ်ဆွေဟု ခေါ်
၂၄။ ခြင်းခံရ၏။ လူတစ်ယောက်သည် ယုံကြည်ခြင်းအား
ဖြင့်သာဖြောင့်မတ်ခြင်းသို့ရောက်သည်မဟုတ်အကျင့်
၂၅။ အားဖြင့်ရောက်သည်ကို သင်တို့သိနေကြ၏။ထိုနည်း
တူပင် ပြည့်တန်ဆာ**ရာဟပ်**သည် **အစ္စရေးလ်**လူမျိုး
အထောက်တော်များကို လက်ခံပြီးမှအခြားသောလမ်း
မှ ပြန်လွှတ်လိုက်သောကြောင့် အကျင့်အားဖြင့်
ဖြောင့်မတ်ရာသို့ ရောက်သည်မဟုတ်လော။
၂၆။ အကြောင်းမူကား၊ ဝိညာဉ်နှင့်ကင်းသော ခန္ဓာကိုယ်
သည် အသေဖြစ်သကဲ့သို့ အကျင့်နှင့်ကင်းသော
ယုံကြည်ခြင်းသည်လည်း အသေဖြစ်၏။

## အခန်းကြီး(၃)

၁။ ငါ၏ညီအစ်ကိုတို့ ငါတို့ထဲ၌များစွာသောသူတို့သည်
ဆရာမဖြစ်ကြပါစေနှင့်။ အကြောင်းမူကား ၊သွန်သင်
ပေးသောငါတို့သည်ကားသာ၍တင်းကြပ်စွာစစ်ကြော
စီရင်ခြင်း ခံရမည်ကို သင်တို့ သိကြသောကြောင့်
၂။ တည်း။ အကြောင်းမူကား၊ငါတို့အားလုံးသည် အမှား
များစွာ ပြုတတ်ကြ၏။ အကယ်၍တစ်စုံတစ်ယောက်

သည် မိမိပြောဆိုသောအရာ၌ အမှားမပြုလုပ်မိလျှင်
ထိုသူသည် စုံလင်သောသူဖြစ်၍ မိမိကိုယ်ကို ချုပ်
၃။ တည်းနိုင်သောသူလည်းဖြစ်၏။ ငါတို့သည်မြင်းများ
၏ပါးစပ်တွင်းသို့ ဇက်ခွံန့်၍ငါတို့အမိန့်ကို လိုက်နာ
စေကြလျက်ယင်းတို့ခန္ဓာကိုများကို ညွှန်ကြားကြ၏။
၄။ သင်္ဘောများကိုလည်း ကြည့်ကြလော့။ သင်္ဘောများ
သည် အလွန်ကြီးကြပြင်းထန်သောလေနှင့်လွင့်သွား
သော်လည်းမောင်းနှင်သူအလိုရှိရာအရပ်သို့သေးငယ်
၅။ တက်မနှင့်လမ်းညွှန်နိုင်၏။ထိုနည်းတူပင် လျှာသည်
သေးငယ်သော်လည်း ကြီးကြယ်သော အရာများကို
ဝါကြွားတတ်၏။ ကြီးမားသောသစ်တောကိုသေးငယ်
မီးတောက်ကလေးက လောင်ကျွမ်းစေနိုင်၏။
၆။ လျှာသည် မီးဖြစ်၏။ လျှာသည်ငါတို့ခန္ဓာကိုယ်အင်္ဂါ
အစိတ်အပိုင်းများအလည်တွင် မဖြောင့်မှန်သောကမ္ဘာ
ဖြစ်၍ ခန္ဓာကိုယ်တစ်ခုလုံးကို ညစ်ညမ်းစေနိုင်၏။
လျှာသည် ငါတို့၏ဘဝတစ်ခုလုံးကိုလည်းမီးရှို့နိုင်၍
၇။ ငရဲမှ မီးရှို့ခြင်းကိုလည်း ခံရနိုင်၏။ အကြောင်းမူ
ကား သားရဲတိရစ္ဆာန်ငှက်များ၊ တွားသွားသတ္တဝါများ
နှင့် ပင်လယ်သတ္တဝါများကို ယဉ်ပါးအောင်ပြုနိုင်၏။
၈။ လူသည် ယင်းတို့ကို ယဉ်ပါးနိုင်စေခဲ့၏။ သို့သော်
မည်သည့်လူသားများ လျှာကိုယဉ်ကျေးအောင် မဆုံး
မနိုင်ချေ။ လျှာသည် မဆုံးမနိုင်သော မကောင်းဆိုး
ဝါးနှင့် သေစေနိုင်သော အဆိပ်ဖြစ်၏။
၉။ ဤလျှာနှင့် ငါတို့သည် သခင်ဘုရားနှင့် ခမည်းတော်
ဘုရားကို ကောင်းချီးပေးကြ၏။ ဤလျှာနှင့် ငါတို့
သည် ဘုရားသခင်၏ ရွှေပုံသဏ္ဌာန်တော်အတိုင်း
ဖန်ဆင်းထားသော လူများကို ကျိန်ဆဲကြ၏။
၁၀။ ဤပါးစပ်ထဲမှပင် ကောင်းချီးပေးခြင်းနှင့်ကျိန်ဆဲခြင်း
တို့ ထွက်ပေါ်လာ၏။ ငါ၏ညီအစ်ကိုတို့ဤသို့မဖြစ်
၁၁။ သင့်ပေ။ စမ်းချောင်းတစ်ခုထဲမှ ရေချိုနှင့်ရေခါးထွက်
၁၂။ လာပါသလော။ ငါ၏ညီအစ်ကိုတို့ သဖန်းပင်သည်
သံလွင်သီးများကို သီးနိုင်သလော။ စပျစ်ပင်သည်
သဖန်းသီးကို သီးနိုင်သလော။ ဆားငန်ရေသည်
ရေချိုဖြစ်နိုင်သလော။

## ဉာဏ်ပညာနှစ်မျိုး

၁၃။ သင်တို့အလယ်တွင် မည်သူသည် ဉာဏ်ပညာနှင့်
နားလည်ခြင်းကို ပိုင်ဆိုင်သနည်း။ သူသည်မိမိဉာဏ်
ပညာ၏ သိမ်မွေ့ခြင်း၌ မိမိလုပ်ရပ်များကိုမိမိကောင်း
၁၄။ သောအကျင့်များဖြင့် ပြပါစေ။ သို့သော် သင်၏စိတ်
နှလုံးတွင် ခါးသီးသော မနာလိုစိတ်နှင့် တစ်ကိုယ်
ကောင်းဆန်သော ရည်မှန်းချက်ကြီးမားခြင်းရှိပါလျှင်
အမှန်တရားကို ဆန့်ကျင်၍ကြွားဝါခြင်းမပြုလေနှင့်။
၁၅။ ထိုသို့သော ဉာဏ်ပညာသည် အထက်ကောင်းကင်မှ
လာသည်မဟုတ်။ မြေကြီးမှလာသောဝိညာဉ်နှင့်ဆန့်
သောနတ်ဆိုးနှင့်ဆိုင်သောပညာသာဖြစ်ပေလိမ့်မည်။
၁၆။ အကြောင်းမူကား မနာလိုခြင်းနှင့် တစ်ကိုယ်ကောင်း
ဆန်သော ရည်မှန်းချက်ကြီးမားခြင်းရှိသည့်နေရာ၌
မငြိမ်မသက်ရှိခြင်းနှင့် ဆိုးညစ်ယုတ်မာခြင်းတို့ ဖြစ်
၁၇။ ပေါ်စေနိုင်သောကြောင့်တည်း။ သို့သော် အထက်
ကောင်းကင်မှလာသော ဉာဏ်ပညာသည်ပထမဦးစွာ
စင်ကြယ်၏။ ထို့နောက် ငြိမ်းချမ်းသာယာခြင်း၊
နူးညံ့သိမ်မွေ့ခြင်း၊စဉ်းစားခြင်ဆင်တတ်ခြင်း၊ သနား
ကြင်နာခြင်း၊ကောင်းသောအကျင့်များရှိခြင်း၊မသေချာ
မရေရာမှုကင်းမဲ့ခြင်း၊ မရိုးသားမှု ကင်းမဲ့ခြင်းတို့ ရှိ
၁၈။ ၏။ ငြိမ်းချမ်းရေး ဆောင်ရွက်သူတို့သည် ငြိမ်းချမ်း
သာယာခြင်း၌ ဖြောင့်မတ်ခြင်း၏ အသီးအပွင့်များကို
ကြဲတတ်ကြ၏။

## အခန်းကြီး (၄)

၁။ သင်တို့အလယ်တွင် အဘယ်ကြောင့် စစ်ပွဲများနှင့်
ခိုက်ရန်ဖြစ်ပွားခြင်းများ ဖြစ်ပေါ်ရသနည်း။ သင်တို့
ကိုယ်အင်္ဂါများတွင် သင်တို့၏ လိုအင်ဆန္ဒများပြိုင်
ဆိုင်တိုက်ခိုက်နေကြသောကြောင့် မဟုတ်လော။
၂။ သင်အလိုရှိသောအရာသည်သင်၌မရှိသဖြင့်သင်သည်
သူ့အသက်ကိုသတ်၏။ သင်၌ လိုချင်သောလောဘ
စိတ်ရှိသောအခါ သင်မရနိုင်သောကြောင့် သင်သည်
အငြင်းပွားပြီး တိုက်ခိုက် သတ်ပုတ်၏။ သင်အလိုရှိ
သည့်အရာကို သင်မရသည်မှာ သင်ဆုမတောင်း
၃။ သောကြောင့်ဖြစ်၏။ သင်ဆုတောင်း သော်လည်း
သင်မရနိုင်သည်မှာ သင်သည် လွဲမှားစွာဖြင့် သင်၏
အလိုဆန္ဒများနှင့် ခံစားချက်များအတွက် ဆုတောင်း
၄။ ကြသောကြောင့်ဖြစ်၏။ သစ္စာမရှိသော သတ္တဝါတို့
ကမ္ဘာလောကနှင့် မိတ်ဆွေဖွဲ့ခြင်းသည် ဘုရားသခင်
နှင့် ရန်ဘက်ပြုခြင်းဖြစ်သည်ကို သင်တို့မသိကြသ
လော။ ထို့ကြောင့် ကမ္ဘာလောက၏ မိတ်ဆွေဖြစ်
လိုသောသူသည် မိမိကိုယ်ကို ဘုရားသခင်၏ ရန်သူ

၅။ ဖြစ်စေ၏။ ကျမ်းစာတော်က ဘုရားသခင်က ငါတို့
တွင် တည်နေစေသော ဝိညာဉ်တော်အပေါ်၌ မနာလို
ခြင်းနှင့် တမ်းတသည်ဟု အကြောင်းမဲ့ဆိုထားသည်
၆။ ဟုထင်သလော။ သို့သော်ကိုယ်တော်သည်ငါတို့အား
ကျေးဇူးတော်များစွာ ပေးတော်မူ၏။ ထို့ကြောင့်
ကျမ်းစာက ဘုရားသခင်သည် မာနထောင်လွှားသူ
တို့ကို မုန်းတီးတော်မူသော်လည်း နှိမ့်ချသောသူတို့
အား ကျေးဇူးတော်ကိုပေးတော်မူ၏ဟု ဆိုထား၏။
၇။ ထို့ကြောင့် သင်တို့သည် ဘုရားသခင်၏ အလိုတော်
ကို လက်ခံကြလော့။ နတ်ဆိုးကို ခုခံကြလျှင်ယင်း
၈။ သည် သင်တို့ထံမှ ထွက်ပြေးလိမ့်မည်။ ဘုရားသခင်
ထံတော်ပါးသို့ချဉ်းကပ်လော့။ကိုယ်တော်သည်လည်း
သင့်အနားသို့ ချဉ်းကပ်တော်မူလိမ့်မည်။ အသင်
အပြစ်သားသည် သင့်တို့လက်များကိုသန့်ရှင်းစေကြ
လော့။ စိတ်နှစ်ခွရှိသောသူတို့ သင်တို့စိတ်နှလုံးများ
၉။ ကို စင်ကြယ်စေကြလော့။ စိတ်မသာညည်းတွားကြ
လော့။ ဝမ်းနည်းပူဆွေးကြလော့။ ငိုကြွေးမြည်တမ်း
ကြလော့။ သင်တို့၏ ရယ်မောခြင်းကို ငိုကြွေးခြင်း
သို့ ပြောင်းလဲ၍ သင်တို့၏ ဝမ်းမြောက်ခြင်းကို
၁၀။ ဝမ်းနည်းခြင်း ဖြစ်စေကြလော့။ သင်တို့ကိုယ်ကို
ဘုရားသခင်ရှေ့မှောက်တော်၌ နှိမ့်ချကြလော။ ကိုယ်
တော်သည် သင်တို့ကို ချီးမြှောက်တော်မူလိမ့်မည်။

## စီရင်စစ်ကြောခြင်းမပြုရန် သတိပေးခြင်း

၁၁။ ညီအစ်ကိုတို့ သင်တို့အချင်းချင်း တစ်ယောက်မ
ကောင်း တစ်ယောက်မပြောကြနှင့်။ မိမိညီအစ်ကို
အကြောင်း မကောင်းပြောသောသူ သို့မဟုတ် မိမိညီ
အစ်ကိုအား ပြစ်တင်စီရင်သော ပညတ်တရားကို
မကောင်းပြော၍ ပညတ်တရားကို ပြစ်တင်စီရင်၏။
၁၂။ ကိုယ်တော်တစ်ပါးတည်းသာလျှင် ပညတ်တရားကို
ပေးပိုင်သောသူနှင့် စီရင်ပိုင်တော် မူသောသူဖြစ်တော်
မူ၏။ ကိုယ်တော်သည် ကယ်တင်ရန်နှင့်ဖျက်ဆီးရန်
တတ်နိုင်တော်မူ၏။ သို့သော် သင်နှင့် နီးစပ်သော
သူကို စီရင်ဆုံးဖြတ်သောသူ သင်သည်မည်သူနည်း။

## ကြွားဝါခြင်းမပြုနှင့်

၁၃။ ယနေ့ သို့မဟုတ် မနက်ဖန်ဤမြို့သို့သွားကြစို့။
ထိုအရပ်တွင် တစ်နှစ်နေ၍ကုန်သွယ်သဖြင့် အမြတ်
အစွန်းရအောင်ပြုကြစို့ ဟုပြောကြသော သင်တို့ ယခု
၁၄။ လာကြလော့။ မနက်ဖြန်မည်သို့ဖြစ်မည်ကို သင်တို့
မသိကြ။ သင်တို့ အသက်သည် မည်သည့်အရာ
ဖြစ်သနည်း။ အကြောင်းမူကားသင်သည် ခေတ္တခဏ
ပေါ်လာပြီး ပျောက်ကွယ်တတ်သော မြူခိုးနှင့်တူ၏။
၁၅။ အမှန်မှာ သင်တို့ဤသို့ဆိုသင့်၏။ ထာဝရဘုရား၊
အလိုရှိတော်မူ၍၊ ငါတို့သည်လည်း အသက်ရှင်လျှင်
ငါတို့သည် ဤသို့ပြုမည် သို့မဟုတ် ထိုသို့ပြုမည်ဟု
၁၆။ ဆိုသင့်၏။ ယခုသင်တို့သည် သင်တို့မာနဖြင့် ကြွား
ဝါထောင်လွှားကြ၏။ ထိုသို့သော ကြွားဝါခြင်းဟူ
၁၇။ သမျှသည် မကောင်းမှုဖြစ်၏။ မည်သူမဆို ကောင်း
သောအကျင့်ကို သိလျက်နှင့် မကျင့်သောသူသည်
အပြစ်ရှိ၏။

## အခန်းကြီး (၅)

## ချမ်းသာ၍ ဖိနှိပ်သူများ

၁။ ချမ်းသာကြွယ်ဝသောသင်တို့ ယခုလာကြ။ သင်တို့
အပေါ်တွင် ကျရောက်မည့်ဖြစ်သော ဆင်းရဲဒုက္ခများ
၂။ အတွက် အော်ဟစ်ငိုကြွေးကြလော။ သင်တို့၏
ပစ္စည်းဥစ္စာများသည် ပုပ်ပွလျက် သင်တို့၏အဝတ်
၃။ အစားများသည် ပိုးစားခြင်းခံရလေပြီ။ သင်တို့၏
ရွှေ ငွေများသည် ဈေးတက်ကုန်လေပြီ။ ထိုဈေးညော်
သည် သင်တို့ကိုဆန့်ကျင်၍ သက်သေခံ၍၊ မည်ကဲ့
သို့သင်တို့အသားကို စားလိမ့်မည်။ သင်တို့သည်
နောက်ဆုံးသော နေ့ရက်များအတွက် ဘဏ္ဍာကို
၄။ ဆည်းပူးခဲ့ကြလေပြီသကား။ ကြည့်လော။ သင်တို့
လယ်များတွင် ရိတ်သိမ်းပေးသောသူတို့ကို လှည့်ဖြား
၍၊ သင်တို့ ထိန်ချန်ထားသောကြောင့် ထိုလုပ်ခများ
သည် ဩဟစ်ကြွေးကြော်လေပြီ။ ရိတ်သိမ်းသူတို့၏
အော်ဟစ်သံသည်လည်း ကောင်းကင်ဗိုလ်ခြေအရှင်
ထာဝရဘုရားသခင်၏ ရွှေနားတော်သို့ရောက်လေပြီ။
၅။ သင်တို့သည် ကမ္ဘာပေါ်တွင် စည်းစိမ်ခံလျက် ပျော်
မွေ့ခံစားခဲ့ကြ၏။ သင်တို့သည် အသတ်ခံရမည့် နေ့
အတွက် သင်တို့နှလုံးသားများကို ဝဖြိုးစေခဲ့သည်။
၆။ သင်တို့သည် ဖြောင့်မတ်သူတို့ကို အပြစ်စီရင်၍၊
သတ်ဖြတ်ခဲ့ကြ၏။ သို့သော် ထိုသူတို့သည် သင်တို့
၇။ ကို မခုခံခဲ့ကြ။ ညီအစ်ကိုတို့ သခင်ဘုရားကြွလာ
တော်မူသည်တိုင်အောင် စိတ်ရှည်သည်းခံသည်းခံကြ
လော့။ ကြည့်လော။ လယ်သမားသည် မိုးဦးနှင့်မိုး
နှောင်းရွာပြီးသည့်တိုင်အောင်အဖိုးကြီးသောမြေထွက်

၈။ သီးနှံတို့ကိုသည်းခံ၍စောင့်နေ၏။သင်တို့သည်လည်း
စိတ်ရှည်သည်းခံကြလော။ သခင်ဘုရားကြွလာတော်
မည့်အချိန်သည် နီးလာပြီဖြစ်၍ စိတ်နှလုံးကိုမြဲမြံစေ
၉။ ကြလော့။ ညီအစ်ကိုတို့ စစ်ကြောစီရင်ခြင်းမခံရလေ
အောင် သင်တို့အချင်းချင်း အပြစ်တင်ငြင်းခုံခြင်းကို
မပြုကြနှင့်။ ကြည့်လော။ တရားသူကြီးသည် တံခါး
၁၀။ နားတွင် ရောက်နေလေပြီ။ ညီအစ်ကိုထာဝရဘုရား
၏ နာမတော်၌ ဟောပြောကြသောပရောဖက်များကို
ဆင်းရဲဒုက္ခခံစားခြင်းနှင့် စိတ်ရှည် သည်းခံခြင်း၏
၁၁။ စံနမူနာအဖြင့် ခံယူကြလော့။ ကြည်လော။ သည်းခံ
နိုင်သောသူတို့သည် မင်္ဂလာရှိကြ၏ဟု ငါတို့ခေါ်ဆို
ကြ၏။ သင်တို့သည်**ဂျော့**၏ စိတ်ရှည်သည်းခံခြင်း
ကို ကြားခဲ့ကြပြီဖြစ်၏။ သင်တို့သည် ထာဝရဘုရား
၏ ရည်ရွယ်ချက်နှင့်ကိုယ်တော်သည် မည်မျှသနား
ကြင်နာ၍၊ ကရုဏာတော်နှင့် ပြည့်စုံတော်မူကြောင်း
၁၂။ သင်တို့သိမြင်ကြပြီ။ ငါ၏ညီအစ်ကိုတို့ ကြိမ်ဆိုခြင်း
ကို မသိကြနှင့်။ ကောင်းကင်ကိုဖြစ်စေ၊ကမ္ဘာမြေကြီး
ကိုဖြစ်စေ တိုင်တည်၍ ကျိန်ဆိုခြင်းမပြုကြနှင့်။ သင်
တို့၏စကားမှာ ဟုတ်သည်ဆိုလျှင် ဟုတ်သည်ဖြစ်
စေလျက်၊ မဟုတ်ဟုဆိုလျှင်လည်း မဟုတ်ဖြစ်စေကြ
၁၃။ လော။ ဤသို့ဖြစ်လျှင် သင်တို့သည် အပြစ်စီရင်ခြင်း
၁၄။ မှ ကင်းလွတ်ကြလိမ့်မည်။ သင်တို့အလယ်တွင် ဒုက္ခ
ဝေဒနာခံနေရသူရှိသလော။ သူသည် ဆုတောင်းပါ
စေ။ တစ်စုံတစ်ယောက်သည် ပျော်ရွှင်ဝမ်းမြောက်
သလော။ သူသည် ချီးမွမ်းထောမနာ ဧကျူးပါစေ။
၁၄။ သင်တို့အလယ်တွင် မကျန်းမာသူရှိသလော။ မကျန်း
မာသူရှိလျှင် အသင်းတော်၏အကြီးအကဲများကို ခေါ်
၍ သူတို့သည် ထိုသူ့အပေါ်ဆုတောင်းပေးလျက်
သခင်ဘုရား၏ နာမတော်၌ သူ့ကိုဆီနှင့် လူးပေးကြ
၁၅။ ပါစေ။ ထိုသို့ပြုလျှင် ယုံကြည်ခြင်း၏ဆုတောင်းပတ္တ
နာသည် မကျန်းမာသူကို ကယ်ဆယ်၍ သခင်ဘုရား
သည် သူ့ကိုပျောက်ကင်း ကျန်းမာလာစေမည်။
အကယ်၍ သူသည် အပြစ်များပြုမိခဲ့ပါလျှင် သူ၏
အပြစ်များသည် အခွင့်ချမ်းသာရလိမ့်မည်။
၁၆။ ထို့ကြောင့် သင်တို့၏ အပြစ်များကို တစ်ဦးနှင့်တစ်
ဦးဝန်ခံကြလျက် အချင်းချင်းဆုတောင်းပေးကြလော့။
ဤသို့ပြုလျှင် သင်တို့သည် ပျောက်ကင်းချမ်းသာရ
ကြလိမ့်မည်။ ဖြောင့်မတ်သောသူ၏ ဆုတောင်းပတ္တ
နာ၌ ကြီးမားသော တန်ခိုးရှိ၏။
၁၇။ **ဧလိယ**သည် ငါတို့ကဲ့သို့ သာမန်လောကသားဖြစ်ခဲ့
သော်လည်း မိုးမရွာစေရန် ဆုတောင်းခဲ့သောအခါ
သုံးနှစ်ခြောက်လပတ်လုံး ကမ္ဘာမြေပြင်ပေါ်၌ မိုးမရွာ
၁၈။ သွန်းဘဲရှိခဲ့၏။ ထို့နောက် သူသည် မိုးရွာစေရန် ဆု
တောင်းသောအခါ ကောင်းကင်မှ မိုးရွာသွန်း၍
မြေကြီးသည်လည်း မိမိအသီးများကို သီးစေ၏။
၁၉။ ငါ၏ညီအစ်ကိုတို့ သင်တို့တွင် တစ်စုံတစ်ယောက်
သည် သမ္မာတရားမှ လမ်းလွဲသွားသဖြင့် အခြားသူ
တစ်ယောက်ကသူ့ကိုလမ်းမှန်သို့ပြန်လည်ခေါ်ဆောင်
၂၀။ ခဲ့ပါလျှင်၊ အပြစ်သားတစ်ဦးကို လမ်းမှားမှပြန်လည်
ခေါ်ဆောင်ခဲ့သော သူသည် ထိုသူ၏ ဝိညာဉ်ကို
သေခြင်းမှ ကယ်တင်၍ များစွာသော အပြစ်တို့ကို
အခွင့်လွတ်စေလိမ့်မည်ကို သူသိပါစေ။